မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် စစ်အာဏာရှင်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ၏ အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ပိတ်ပင်တားဆီးမှုများနှင့် တိုင်းရင်းသားလူနည်းစုများအား ရက်စက်ကြမ်းကြုတ်စွာ တန်ပြန်စစ်ဆင်မှုများကြောင့် အပြည်ပြည်ဆိုင်ရာနှင့် ဝေးကွာမှု 2006 ခုနှစ်အတွင်း ပိုမိုနက်ရှိုင်းခဲ့ရသည်။ နိုင်ငံအတွင်း ဒီမိုကရေစီလှုပ်ရှားမှုများကို ဆက်လက် ဖိနှိပ် ချုပ်ချယ်နေဆဲဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးလှုပ်ရှားသူများကိုလည်း ဆက်လက် အကျဉ်းချထားဆဲဖြစ်သည်။ မြန်မာနိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာဖို့ နိုင်ငံတကာ၏ ကြိုးပမ်းချက်များသည် နအဖအစိုးရနှင့် ယင်းအား ကိုယ်ချင်းစာနာသော အိမ်နီးချင်းအစိုးရများကြောင့် ရပ်တန့် သွားခဲ့ရသည်။

နိုဝင်ဘာလ 2005 တွင် နအဖအစိုးရက ရန်ကုန်မြို့မှ ၃၀၀ ကီလိုမီတာ အကွာ၊ ပျဉ်းမနားမြို့ကို "အုပ်ချုပ်ရေးနှင့်ဆိုင်သော မြို့တော်" နေပြည်တော်အဖြစ်သို့ ပြောင်းလိုက် ခြင်းသည် ယင်းဆိုးရွားဆုတ်ယုတ်လာမှုများကို ရှင်းလင်းစွာပြသနေသည်။ အစိုးရက အဓိကဝန်ကြီးဌာနများနှင့် ထောင်ပေါင်းများစွာသော အစိုးရဝန်ထမ်းများကို 2006 ခုနှစ်အတွင်းတွင် နေပြည်တော်၌ ပြန်လည်နေရာချထားပြီး၊ နိုင်ငံခြားသံရုံးများကို 2007 ခုနှစ်အတွင်း မိမိဆန္ဒအရပြန်လည်နေရာချမှုကို လုပ်ဆောင်နိုင်ကြောင်း အသိပေး ကြေငြာ ခဲ့သည်။ ဤသို့ပြောင်းရွှေ့မှု၏ အဓိကအကြောင်းချက်များသည် နအဖအစိုးရက အရှေ့ဘက်ရှိတိုင်းရင်းသားသူပုန်များအား ဆန့်ကျင်တိုက်ခိုက်သည့် စစ်ဆင်မှုများကို စီစဉ်ညွှန်ကြားနိုင်ရန် နိုင်ငံ၏ အလယ်ဗဟိုသို့ပြောင်းရွှေ့ရန်လိုအပ်မှု၊ နိုင်ငံခြားမှ စစ်ကျူးကျော်တိုက်ခိုက်လာမည်ကို ကြောက်ရွံ့မှု၊ နိုင်ငံခြားမှ ဝေဖန်ပုတ်ခတ်မှုကိုစိုးရိမ်မှု၊ ရန်ကုန်မြို့တော်၌ ပြည်သူများ ဆန္ဒပြပုန်ကန်လာမည်ကို စိုးရိမ်မှုများ ကြောင့်ဖြစ်သော်လည်း၊ နအဖအစိုးရက တရားဝင်ကြေငြာချက် ထုတ်ပြန်ခဲ့ခြင်း မရှိချေ။ နေပြည်တော် တည်ဆောက်ရာတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများရှိခဲ့ပြီး၊ အစိုးရဝန်ထမ်းများသည် ထိုသို့ပြောင်းရွှေ့ရာတွင် မည်သည့်ရွေးချယ်ခွင့်မျှ မရခဲ့ချေ။

ဒီမိုကရေစီ သို့မဟုတ် လူ့အခွင့်အရေးတိုးတက်ပြောင်းလဲလာမှုမရှိခြင်း

2006 ခုနှစ်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး (သို့) ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းစဉ်တွင် မည်သည့်ပြောင်းလဲမှုမျှ မရှိခဲ့ချေ။ နိုင်ငံတကာမှ ဒေါ်အောင်ဆန်းစုကြည်အား လွတ်ပေးရန်အတန်တန် တောင်းဆိုသော်လည်း မေလတွင် သူမ၏ နေအိမ်အကျယ်ချုပ်မှုကို နောက်ထပ်တစ်နှစ် တိုးလိုက်သည်။ အလည်လာသူများ၊ သတင်းစာနယ်ဇင်းများ၊ တယ်လီဖုန်း (သို့) သတင်းထောက်များနှင့် တွေ့ခွင့်မပေးဘဲ သူမတစ်ဦးတည်းကို အကျယ်ချုပ်ထားခြင်းသည် ၁၁ နှစ် ရှိသွားပြီဖြစ်သည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင်ဖြစ်သော မင်းကိုနိုင်၊ ကိုကိုကြီး၊ ငွေကြွယ်တို့ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့၏ မြန်မာ့ အရေးအား ဝေဖန်ဆွေးနွေးမှုကို ထောက်ခံသည့် ကြေငြာချက် တစ်ရပ်ထုတ်ပြန်မှုကြောင့် ဖမ်းဆီးခဲ့သည်။ ယခုတိုင်အောင် ယင်းတို့အား အကျဉ်းချထားဆဲဖြစ်သည်။ အရပ်သား ပြည်သူများ ၁၂၀၀ ကျော်ကိုလည်း နိုင်ငံရေးခံယူချက်နှင့် လှုပ်ရှားမှုများကြောင့် အကျဉ်းချထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးအပါအဝင် အခြားနိုင်ငံရေး ပါတီရုံးများအားလုံးလောက်နီးပါးကို ပိတ်ပင်ထားဆဲဖြစ်ပြီး၊ တင်းကျပ်သော စုံစမ်းထောက်လမ်းမှုအောက်၌ ထားရှိထားမြဲဖြစ်သည်။ အများအားဖြင့် နိုင်ငံရေး ပါတီလှုပ်ရှားမှုများသည် ကန့်သတ်ပိတ်ပင်တားဆီးမှု ခံရသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဖို့အမျိုးသားညီလာခံကျင်းပမှုကို ဇန်နဝါရီလတွင် ရပ်နားပြီး ရန်ကုန်အနီးရှိ မှော်ဘီမြို့နယ် ညောင်နပင်စခန်း၌ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပြန်လည်စတင်သည်။ နအဖအစိုးရက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာ၌ 75% ပြီးမြောက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းညီလာခံတွင် အစိုးရနှင့်ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားသူပုန်များနှင့် တရားဝင်နိုင်ငံရေး ပါတီများ ပါဝင်သည်။ သို့သော်၊ များစွာသောနိုင်ငံရေးပါတီများ ပယ်ထားခြင်းခံရသည်။ ညီလာခံတွင် သဘောထားကွဲလွဲမှုများနှင့် ဝေဖန်ပြောဆိုချက်များကို ပိတ်ပင်၍ တင်းကျပ်သောလမ်းညွှန်ချက်များဖြင့် လုပ်ဆောင်သည်။

ပြန်လည်သင့်မြတ်မှု ကျဆုံးခြင်းနှင့် တိုင်းရင်းသားအုပ်စုများအား အဆက်မပြတ် အကြမ်းဖက်မှု

စစ်ပွဲဖြစ်ပွားရာနေရာများတွင် မြန်စစ်တပ်၏ အဓမ္မလုပ်အားပေးစေခိုင်းမှုများ ကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အမျိုးသမီးများနှင့် မိန်းကလေးများအား အတင်းအဓမ္မ ပြုကျင့်မှု၊ အကျဉ်းရုံး (သို့) ဆင်ခြင်မှုကင်းမဲ့သော အဆုံးစီရင်မှုများ ဆက်လက် ဖြစ်ပွား နေဆဲရှိသည်။ စစ်တပ်က အရပ်သားလူထုများရဲ့ ငွေပိုက်ဆံ၊ အိမ်မြေ၊ အစားအစာ သိုလှောင်မှုများကို သောင်းကျန်းလုယူနေမှုများလည်း ဖြစ်နေမြဲဖြစ်သည်။

2006 ခုနှစ်အတွင်း၌ ကရင်ပြည်နယ်မြောက်ပိုင်းတွင် အင်အားကြီးမားသော မြန်မာစစ်တပ်၏ တိုက်ခိုက်မှုကြောင့် ခန့်မှန်းခြေအားဖြင့် အရပ်သား ၂၇၊၀၀၀ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာစစ်တပ်က ကျေးရွာ ၂၃၂ ရွာနှင့် အစားအစာသိုလှောင် မှုများကို ဖျက်ဆီးခဲ့သည်။ မြောက်များစွာသော အရပ်သားများ အသတ်ခံရပြီး၊ ထောင်ပေါင်းများစွာသော အရပ်သားများကို လုပ်အားပေးပေါ်တာများအဖြစ် အသုံးချရန် ဖမ်းဆီးခဲ့သည်။ ထောင်သားများကိုလည်း လုပ်အားပေးပေါ်တာများ အဖြစ်အသုံးချပြီး၊ စစ်ဆင်မှုအတွင်း၌ ယင်းထောင်သားများကို ဆင်ခြင်မှုကင်းမဲ့စွာ အဆုံးစီရင်ခဲ့သည်။ အောက်တိုဘာလတွင် ဂိုဏ်းကွဲ ကရင်အမျိုးသားအဖွဲ့နှင့် မြန်မာအစိုးရကြား ငြိမ်းချမ်းရေးရယူထားမှု ကျဆုံးခဲ့သည်။ ၂၀၀၅ တွင် ရှမ်းပြည်နယ်၌ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ အကျဉ်းချခံရပြီး၊ ထောင်တွင်းတွင် ရက်စက်စွာ ပြုကျင့်မှုများကြောင့် ၂၀၀၆ တွင် အဖွဲ့ဝင်တစ်ယောက် သေဆုံးခဲ့သည်။ ဇွန်လတွင် ဂိုဏ်းကွဲရှမ်းပြည်မြောက်ပိုင်းစစ်တပ်က နအဖအစိုးရထံ လက်နက်ချခဲ့သည်။ သို့သော် မကြာခင်မှာပဲ သဘောတူညီချက် ပျက်ပြားသွားပြီး၊ ယင်းအဖွဲ့ဝင်အမြောက်အများ ရှမ်းပြည်မြောက်ပိုင်းစစ်တပ်သို့ ပြန်ဝင်လာခဲ့သည်။ နအဖအစိုးရသည် ဝ နှင့် ပအို့ စစ်တပ်များအပါအဝင် ငြိမ်းချမ်းရေးလက်နက်ကိုင် တိုင်းရင်းသားပြည်သူ့စစ်များကို ရှမ်းပြည်မြောက်ပိုင်းစစ်တပ်အား တိုက်ခိုက်ဖို့ ဖိအားပေးခဲ့သည်။ အစိုးရသည် အခြား တိုင်းရင်းသားလက်နက်ကိုင်ပြည်သူ့စစ်များကိုလည်း ကျေးရွာလူထုများကို နှိမ်နင်းရာတွင် အကူတပ်ဖွဲ့များအဖြစ် အသုံးချခဲ့သည်။ ယင်းပြည်သူ့စစ်အဖွဲ့များသည် တရားမဝင်မူးယစ် ဆေးဝါးကုန်သွယ်မှုမှ ရသော ပိုက်ဆံများဖြင့် ရပ်တည်လျှက် ရှိကြောင်းသိရသည်။

နအဖအစိုးရက ကလေးသူငယ်များအား စစ်တပ်အတွင်းသို့ အဓမ စုဆောင်းမှု များကို ဆက်လက်လုပ်ဆောင်နေမြဲဖြစ်သည်။

ပြည်တွင်းအိုးအိမ်မဲ့ဖြစ်မှုနှင့် ဒုက္ခသည်များအပေါ် လူသားချင်းစာနာထောက်ထားမှုက စိုးရိမ်မှု

လူနည်းစုတိုင်းရင်းသားဒေသများတွင် ပြည်တွင်းအိုးအိမ်မဲ့ဖြစ်မှုများသည် စိုးရိမ်ရသော အဆင့်၌ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ အရပ်သား ၅ သိန်းကျော် နိုင်ငံအရှေ့ဘက်တွင် အိုးအိမ်မဲ့လျှက်ရှိသည်။ အချို့ဒေသများတွင် စောင့်ကြပ်စစ်ဆေးရန် မဖြစ်နိုင်သောကြောင့် ထောင်ပေါင်းများစွာသော အိုးအိမ်မဲ့လူဦးရေ အရေအတွက်ကို မသိရှိနိုင်ပဲ ဖြစ်သည်။ နအဖအစိုးရသည် နိုင်ငံခြားမှ အကူအညီပေးသော ဌာနများ၏ လှုပ်ရှားမှုများကို ကန့်သတ်ထားပြီး၊ ဖြစ်ပွားနေသော စစ်ပွဲများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်းကို ပိတ်ပင်ထားသည်။ သို့ဖြင့်၊ ကုသမှု မခံရသော ငှက်ဖျားရောဂါများ၊ အဆုတ်ရောဂါ TB ခုခံကိုယ်ခံအား ကျဆင်းမှုရောဂါ HIV/AIDs နှင့် အခြားရောဂါများသည် စိုးရိမ်ရသောအဆင့်၌ ရှိနေသည်။

ဖေဖော်ဝါရီလ ၂၀၀၆ တွင် နအဖအစိုးရသည် ကုလသမဂ္ဂအဖွဲ့အပါအဝင် အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်ဌာနများ၏ အစုစပ်ဆောင်ရွက်မှု၊ ခရီးသွားလာမှု၊ လုပ်ငန်းအစီအစဉ်

ပြီးမြောက်အောင်ဆောင်ရွက်မှုများအတွက် တင်းကျပ်သော လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့သည်။ အင်္ဂလိပ်နှင့် မြန်မာစာသားဖြင့် ထုတ်ပြန်သော ယင်းလမ်းညွှန်ချက်များကြားရှိ သိသာထင်ရှားသော ကွာဟမှုများက အစိုးရနှင့် နိုင်ငံခြားဌာနများကြား ပဋိပက္ခ ဖြစ်ပွားစေမည်ကို နိုင်ငံခြားဌာနများက စိုးရိမ်ခဲ့ကြသည်။ ထို့ကြောင့်၊ ကျန်းမာရေးအဖွဲ့ Medecins Sans Frontieres အပါအဝင်အခြားနိုင်ငံခြားဌာန များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားခဲ့သည်။

ငှက်ဖျားရောဂါများ၊ အဆုတ်ရောဂါ TB ခုခံကိုယ်ခံအား ကျဆင်းမှုရောဂါ HIV/AIDs များကို တိုက်ခိုက်သည့် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ ဆုတ်ခွာသွားမှုနောက်ပိုင်း၊ Three Disease Fund ရောဂါသုံးမျိုးရန်ပုံငွေမှ ကျန်းမာရေးစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို လာမည့် ၅ နှစ်တိုင်အောင် မြန်မာအားကူညီမည်ဟု ကတိပေးခဲ့သည်။ နအဖအစိုးရနှင့် ကင်းလွတ်ပြီး၊ ဥရောပနှင့် ဩစတြေးလျ အလှူရှင်များ ပါဝင်သော ယင်းအဖွဲ့ကို ၂၀၀၆ မှစတင်၍ ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုများ အဖွဲ့ရုံးမှ ဦးဆောင်သွားမည်ဖြစ်သည်။

ကရင်ပြည်မြောက်ပိုင်းတွင် ဖြစ်ပွားသောစစ်ပွဲများမှ ထွက်ပြေးလာသော ကရင် အရပ်သားများ ၂၀၀၀ ကျော်ကို ထိုင်းစစ်တပ်က ထိုင်းနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြု ခဲ့သော်လည်း နောက်ထပ်ဝင်လာသူများကို ကန့်သတ်ထားမြဲဖြစ်သည်။
ရှမ်းဒုက္ခသည်များ စခန်းငယ်အား မြန်မာပြည်သို့ပြောင်းရွှေ့ရန် ဧပြီလတွင် ထိုင်းအစိုးရမှ အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ချမှတ်ချက်ကို မကြာခင်မှာပဲ ပယ်ဖျက်လိုက်ပြီး ဒုက္ခသည် များကို နေထိုင်ခွင့်ပေးခဲ့သည်။ သို့သော်၊ နောက်ထပ်ဝင်လာသူများကိုတော့ ဝင်ခွင့်မပေးတော့ ချေ။ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း ၁၅၆၊၀၀၀ ကျော်ရှိသည်။ ဩဂုတ်လတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အမေရိကန် နိုင်ငံခြားရေးရာအစိုးရဌာနမှ အရာရှိတို့သည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းသို့ သွားရောက် ခဲ့ကြပြီးနောက်၊ ဆင်းရဲသောနိုင်ငံများသို့ ဒုက္ခသည်များ ပြန်လည်နေရာချမှုအတွက် အကူအညီပေးရန် ကတိပေးခဲ့ကြသည်။ အကောင်းဘက် တိုးတက်လာမှုကတော့ အမေရိကန်အစိုးရမှ မေလနှင့် ဩဂုတ်လတွင် တရားဥပဒေကို လျှော့ပေါ့လိုက်ပြီး၊ ခြွင်းချက်အနေဖြင့် ပြည်တွင်းလုံခြုံရေး Homeland Security ၏ လမ်းညွှန်ချက်များဖြင့် ကရင်ဒုက္ခသည်များကို ထောက်ပံ့မှုများပေးပြီး၊ အမေရိကန်နိုင်ငံတွင် အခြေချခွင့် ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာမှ အဓိက သရုပ်ဆောင်လုပ်ရှားနေသူများ

မေလ 2006 တွင် နိုင်ငံရေးရာများအတွက် ကုလသမဂ္ဂနိုင်ငံရေးရာ လက်ထောက် အတွင်းရေးမှူးချုပ် Ibrahim Gambari သည် နေပြည်တော်သို့ သွားရောက်ပြီး မြန်မာသမ္မတ သန်းရွှေနှင့် အခြားနိုင်ငံရေးခေါင်းဆောင်များကို တွေ့ဆုံခဲ့သည်။ ထိုခေါင်းဆောင်များက Gambari အား အမျိုးသား ပြန်လည်သင့်မြတ်မှု ကြိုးပမ်းချက်များကို ဆောင်ရွက်နေမြဲဖြစ် ကြောင်း ပြောပြခဲ့သည်။ Gambari သည် အောင်ဆန်းစုကြည်ကိုလည်း သွားရောက် တွေ့ဆုံခဲ့သည်။ (တွေ့ဆုံပြီး ၂ ရက်အကြာတွင် အစိုးရက သူမ၏ နေအိမ်အကျယ် ချုပ်မှုကို တစ်နှစ် ပြန်တိုးလိုက်သည်။) အစိုးရသည် မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် Paulo Sergio Pinheiro ကို မြန်မာပြည်သို့ ဝင်ခွင့်မပေး တော့ချေ။ Pinheiro သည် စက်တင်ဘာလတွင် နအဖအစိုးရက "ရာဇဝတ်လုပ်ရပ်များ အတွက် တရားစီရင်မှုမခံရခြင်း" နှင့် "နိုင်ငံရေးဆန့်ကျင်သူများရဲ့ အခြေခံလွတ်လပ်ခွင့် များကိုအသုံးချမှု၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် လူ့အခွင့်အရေးညှင်းပန်းနှိပ်စက် မှုခံရသူများအား ပြစ်မှုကျူးလွန်သူများအဖြစ် သတ်မှတ်နေမှုများ"ကို ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အသေးစိတ်တင်ပြခဲ့သည်။ Razali Ismael သည် အစိုးရက ၂၀၀၄ မတ်လ မှစ၍ ယင်းအား ဝင်ခွင့်မပေးတော့သဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ်မှ 2006 ဇန်နဝါရီလတွင် ရပ်နား သွားခဲ့သည်။ သူ့နေရာအား အစားထိုးမှု မရှိသေးချေ။

ဒီဇင်ဘာလ ၂၀၀၅ နှင့် မေလ ၂၀၀၆ တို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့မှ မြန်မာ့အရေးကို ဆွေးနွေးခဲ့ကြသည်။ စက်တင်ဘာလ 2006 တွင် လုံခြုံရေးကောင်စီ အဖွဲ့၏ ဆွေးနွေးပွဲတွင် မြန်မာ့အရေးကို တရားဝင်ဆွေးနွေးခဲ့ကြပြန်သည်။ သို့သော်၊ လုံခြုံရေး ကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သော ရုရှား နှင့် တရုတ်နိုင်ငံတို့သည် ဆုံးဖြတ်ချက်မူကြမ်း သတ်မှတ်ရန် ကြိုးပမ်းမှုကို သဘောမတူခဲ့ကြချေ။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံးသည် နအဖအစိုးရက အဓမ္မလုပ်အားပေး စေခိုင်းမှုများအကြောင်းကို သတင်းပေးပို့သော အရပ်သားများအား တရားစီရင်မှုကို ရပ်ပေးရန် အစိုးရထံ သို့တောင်းဆိုခဲ့ကြသည်။ စုစုနွေးနှင့် အေးမြင့်တို့ကို လွှန်ခဲ့သောနှစ်တွင် အပြည်ပြည် ဆိုင်ရာ အလုပ်သမား အစည်းအရုံးသို့ သတင်းပို့မှုဖြင့် တရားစီရင်ရာမှ ဇွန်၊ ဇွန်လိုင်လ တွင် အသီးသီးပြန်လွှတ်ပေးခဲ့သည်။ သို့သော်၊ အရပ်သားလူထုများသည် သတင်းပေးပို့မှုကြောင့် တရားစီရင်မှု ခံနေရဆဲဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း အာဆီယံက နအဖအစိုးရ၏ နှေင့်နှေး ကြန့်ကြာသော ပြုပြင်ပြောင်းလဲမှုများနှင့်အပြည်ပြည်ဆိုင်ရာမှ လူပ်ရှားသူများအား ကန့်သတ်ညှိနှိုင်းမှုများ ပြုလုပ်နေခြင်းအပေါ် အလိုမကျဖြစ်ကြောင်းဖော်ပြခဲ့သည်။
နအဖအစိုးရက ချိန်းဆိုထားသော အာဆီယံ ခေါင်းဆောင်များကို ရက်ရွှေ့ခြင်းများနှင့် ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပဲ အာဆီယံအဖွဲ့ဝင်များကို လုံခြုံရေးအဖွဲ့၏ ဆုံးဖြတ်ချက်အား မထောက်ခံရန် တောင်းဆိုခဲ့သည်။ အာဆီယံရဲ့ နည်းလမ်းသစ်ကြိုးပမ်းမှုတွေနှင့်ပတ်သက်ပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီး Syed Hamid Albar က "ဒီလို အဖွဲ့ဝင်က ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့အခါ၊ အာဆီယံအနေနဲ့ လုပ်နိုင်တဲ့ အတိုင်းအတာမရှိတော့ဘူး"ဟု ပြောကြားသည်။

သို့သော်၊ ဩဂုတ်လ 2006 တွင် အဖွဲ့ဝင်ဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ဝန်ကြီးချုပ် Thaksin Shinawatra က မြန်မာအစိုးရနှင့် စီးပွားရေးစာချုပ်များချုပ်ဆိုရန်၊ ရခိုင်ပြည်တွင် ဓါတ်ငွေ့ တူးဖော်ရေးအတွက် ခွင့်ပြုချက်များရယူရန်နှင့် သစ်တောများထုတ်ယူနိုင်ဖို့ ချိုးဆိုထား ချက်မရှိပဲ မြန်မာသို့ တရက်ကြာ သွားရောက်ခဲ့သည်။ အာရှနှင့် ဥရောပနိုင်ငံများရဲ့ မြန်မာအစိုးရအပေါ် ဆန့်ကျင်မှုများအတွက်၊ 2006 စက်တင်ဘာလတွင်ပြုလုပ်သော အာရှ-ဥရောပ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်များကို စေလွှတ်ခဲ့သည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာမှ မြန်မာအစိုးရအားပြောင်းလဲမှုများ ပြုလုပ်ရန် ဖိအားပေးနေမှုကိုဆန့်ကျင်ပြီး၊ နအဖအစိုးရအား နိုင်ငံရေး၊ စီးပွားရေး အထောက် အကူများကို ဆက်လက်ပေးကမ်းနေမြဲဖြစ်သည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများက မြန်မာပြည်ကို လက်နက်ပိတ်ဆို့မှုများပြုလုပ်နေစဉ် တရုတ်နှင့် ရုရှားတို့က မြန်မာပြည်သို့ မြောက်များစွာသော လက်နက်များကို ရောင်းချပေးနေလျှက်ရှိသည်။